# လူ့သမိုင်းကိုခွဲခြားဖော်ပြသောမျဉ်းကြောင်း
# The Dividing Line of Human History

ထို့ကြောင့် ပဌမပဋိညာဉ်တရား လက်ထက်၌ ပြစ်မှားသောအပြစ်ကို လည်းလွတ်စေခြင်းငှာ၊ ခရစ်တော်သည် အသေခံတော်မူသည်ဖြစ်၍၊ ခေါ်တော်မူသောသူတို့သည် ကတိတော်နှင့်ယှဉ်သော ထာဝရအမွေကို ခံရမည်အကြောင်း၊ *ထိုသခင်သည် ပဋိညာဉ်တရားသစ်၏ အာမခံဖြစ်တော်မူ၏။ အမွေခံစေခြင်းငှာ အခွင့်ပေး၍ စာချုပ်သည်အမှုမှာလည်း စာချုပ်တည်လျှင်စာချုပ်သော သူသည် ဧကန်သေရမည်မှန်ပြီ။ အကယ်၍ မသေလျှင်၊ ထိုစာချုပ်သည်မတည်၊ သေမှသာတည်၏(ဟေဗြဲ၊ ၉း၁၅-၁၇)။*

ခရစ်တော်ရဲ့မွေးဖွားခြင်းဟာ သမိုင်းလမ်းကြောင်းကြီးကိုပင် နှစ်ပိုင်းပိုင်းရဖို့ဖြစ်သွားစေခဲ့ပါပြီ။ ကမ္ဘာ့ပြက္ခဒိန်တွင် BC နှင့် AD ဟူ၍ ခွဲခြားခဲ့ရာတွင် BC (Before Christ ခရစ်တော်မပေါ်မီ)နှင့် AD (Anno Domini; In the Year of the Lord - သခင်ဘုရား၏နှစ်) ဟူ၍ နှစ်ပိုင်းခွဲခြားပြီး ဖော်ပြရဖို့ ဖြစ်လာခဲ့ပါပြီ။

ဤကမ္ဘာမြေကြီးသည် ခရစ်တော်ရဲ့ “မွေးဖွားခြင်း”ကို ဗဟိုပြုလျှက် လူသားတို့၏ ရာဇဝင်သမိုင်းကို ခွဲခြားပြီး အသိအမှတ်ပြုခဲ့ကြရသလို ဘုရားသခင်သည်လည်း ခရစ်တော်ရဲ့ “လက်ဝါးကပ်တိုင်” ကို ဗဟိုပြုလျှက် လူသားတို့၏ဘဝသမိုင်းကို ခွဲခြားလျှက် အသိအမှတ်ပြုခဲ့ပါပြီ။

*နောင်ကာလအခါ၌သရေလအမျိုးသားတို့၌ ငါပေးအံ့သောပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသည် ငါ၏ပညတ်တရားကို သူတို့အတွင်းထဲသို့ သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။ ငါသည်သူတို့၏ ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည် (ယေရမိ၊၃၁း၃၃)။*

ဘုရားသခင်သည် လူသားများအတွက် ပဋိညာဉ်တရားသစ်ကို ပေးမယ်ဆိုတဲ့အကြောင်းကို ဓမ္မဟောင်းကျမ်း၌ ပရောဖက်ပြုပြီး ရေးသားထားခဲ့ပါတယ်။ ထိုပဋိညာဉ်တရားသစ်ဟာ ခရစ်တော်ကားတိုင်ပေါ်၌ အသေခံသောနေ့မှ စတင်၍ အသက်ဝင်လှုပ်ရှား အကောင် အထည်ပေါ်သွားခဲ့ပါပြီ။ ထိုအချိန်မှစပြီး ယနေ့အထိ ထိုတရားသစ်ရဲ့ လက်အောက်မှာ ကျွန်တော်တို့ အသက်ရှင်ခွင့် ရခဲ့ကြပါတယ်။

ယခုအချိန်မှာ “သေတမ်းစာချုပ်” နှင့် “ပဋိညာဉ်တရား” တို့၌ တူညီသောအချက် တစ်ခုရှိနေတာနဲ့ ပတ်သက်ပြီး ရှင်းပြပါရစေ။ လူတစ်ဦးဟာ သူမသေခင်မှာ သူ့ရဲ့ ဆန္ဒကို ရေးသားထားသောစာချုပ်ကို “သေတမ်းစာချုပ်”လို့ ခေါ်ပါတယ်။ ထိုသူ သေပြီးဆိုတာနဲ့ ထိုစာချုပ်ပါအကြောင်းအရာများကို အကောင် အထည်ဖော်ဖို့နဲ့ အတည်ပြုဖို့အတွက်ဘဲ ဖြစ်ပါတယ်။ ထိုသူ မသေသေးဘူးဆိုရင်တော့ ထိုစာချုပ်ကို အကောင်အထည် မဖော်နိုင်သေးပါဘူး။ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆိုလျှင်တော့ ကာယကံရှင်ရဲ့သေဆုံးခြင်း အရင်ဖြစ်ပေါ်ဖို့ လိုအပ်ပါတယ်။

ထိုနည်းတူစွာ (ဟေဗြဲ၊၉း၁၆၊ ၁၇) ကလည်း အဲဒါကိုဘဲဆိုလိုနေပါတယ်။ “သေတမ်းစာချုပ်”ကိုရေးသောသူ မသေမခြင်း ထိုစာချုပ်ကို အကောင်အထည်

မဖော်နိုင်သလို ထိုပဋိညာဉ် တရားသစ်သည်လည်း ခရစ်တော်ရဲ့သေခြင်းရှိပြီးမှ စတင်အသက်ဝင်လှုပ်ရှားခြင်းဖြစ်လာခဲ့ရပါပြီ။ ဒါကြောင့်လည်း ခရစ်တော်ရဲ့ သေခြင်းက လိုအပ်လာခဲ့ပါပြီ။

*သို့ရာတွင် ငါတို့သည်ကိုယ်တန်ခိုးကို အမှီပြု၍၊ ကိုယ်အလိုအလျောက် တစုံတခုကို ကြံစည်ခြင်းငှာ၊ တတ်နိုင်သည်မဟုတ်။ ဘုရားသခင်ကိုအမှီပြု၍သာ တတ်နိုင်သည်နှင့်အညီ၊ ပဋိညာဉ်တရားသစ်၏ဆရာဖြစ်နိုင်သောအစွမ်းသတ္တိကို ဘုရားသခင်သည် ငါတို့အားပေးတော်မူ၏။ ထိုသို့ဆိုသော် ကျမ်းဟောင်းတရားကိုမဆိုလို၊ ဝိညာဉ်တော်တရားကိုဆိုလို၏။ ကျမ်းဟောင်းတရားသည် အသက်ကို သတ်တတ်၏။ ဝိညာဉ်တော်တရားမူကား ရှင်စေတတ်၏ (၂ကော၊၃း၅-၆)* ။

ပဋိညာဉ်တရားသစ်သည် သိနတောင်ပေါ်တွင်မောရှေမှတဆင့် ဣသရေလလူမျိုးများအတွက် ဘုရားသခင် ပေးခဲ့သောပဋိညာဉ်တရားတော်ဟောင်းနှင့် ကွာခြားမှုရှိပါတယ်။

(၂ကော၊၃)မှာ ရှင်ပေါလုရဲ့ ဖော်ပြချက်အရဆိုလျှင် ထိုပဋိညာဉ်တရားတော်ဟောင်းတွင် လုပ်ဆောင်ချက် နှစ်ခုရှိနေပါတယ်။ တစ်ခုမှာ လူသားများကို အပြစ်စီရင်ခြင်းဖြစ်ပြီး အခြားတစ်ခုမှာ လူသားများကို သေခြင်းလက်သို့ ပို့ဆောင်ခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထိုပညတ်တော်များကို ထိန်းသိမ်းနိုင်ဖို့ရန် လူသားတိုင်းဟာ ဖြောင့်မတ်မှန်ကန်သော အသက်ရှင်မှုကို အချိန်တိုင်းမှာ ရွေးချယ်နေထိုင်ဖို့လိုအပ်ပါ တယ်။ ဒါကို မထိန်းသိမ်းနိုင်သူများဟာ အပြစ်ကို ကျူးလွန်သူများဖြစ်လာကြပြီး အပြစ်ကို ကျူးလွန်မိသူများအတွက် အပြစ်ရဲ့အဖိုးအခကလည်း သေခြင်းဘဲဖြစ်ပါတယ်။ ဒါကြောင့် တကယ့် လက်တွေ့မှာ ဘယ်လူသားကမှလည်း ထိုပဋိညာဉ်တရားတော်ကို အချိန်တိုင်းမှာ လိုက်လျှောက်ခြင်းငှာ မတတ်နိုင်ကြတဲ့အခါမှာ လူသား တိုင်းဟာ ဘုရားသခင်နဲ့ ဝေးကွာလာခဲ့ကြပါတယ်။ ဒါကြောင့်လည်း ဘုရားသခင်က ဒုတိယပဋိညာဉ် တရားသစ်ကို ပေးခဲ့ပါတယ်။

*ပဌမ ပဋိညာဉ်တရားသည် အပြစ်တင်ခွင့် မရှိသည်မှန်လျှင်၊ ဒုတိယပဋိညာဉ် တရားတည်ရသော အခွင့်ကို အဘယ်ကြောင့်ရှာရသနည်း။* ပဌမပဋိညာဉ်တရားကို ထာဝရဘုရားသည် အပြစ်တင်၍ . . *(ဟေဗြဲ၊၈း၇-၈)*

ပထမပဋိညာဉ်တရားကို ထာဝရဘုရားသည် အပြစ်တင်ရဖို့ဖြစ်ခဲ့ရခြင်းတွင် "အမှားအယွင်း"ကတော့ ဘုရားသခင်ဖက်ကမဟုတ်ပါဘူး။ ဘုရားသခင် ပေးခဲ့တဲ့ ဓမ္မဟောင်းကျမ်းမှ ပညတ်တော်များမှာ ဘာအမှားအယွင်းမှ မရှိပါဘူး။ ထို "အမှားအယွင်း"သည် လူသားတွေ ဖက်ကဘဲ ဖြစ်ပေါ်လာခဲ့ပါတယ်။ ကျွန်တော်တို့ လူသားတွေဖက်ကသာလျှင် ထိုပညတ်တော်များတို့ကို "မလိုက်နာနိုင်ခဲ့ကြခြင်း"ဘဲဖြစ်ပါတယ်။ ဒါကြောင့် ဘုရားသခင်ဟာ ကျွန်တော်တို့အတွက် လက်ခံရန် အခက်အခဲမရှိနိုင်တဲ့ ပဋိညာဉ် တရားသစ်ကို ပေးရာတွင် ကျွန်တော်တို့ဖက်က မလိုက်နာနိုင်စရာအကြောင်း ဘာမှမရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆို တော့ ဘုရားသခင်ဟာ လူသားများ မတတ်နိုင်တဲ့ဝန်ထုပ်ကို ခရစ်တော်ကိုသာ ထမ်းစေခဲ့ပါပြီ။ ကျွန်တော်တို့ရဲ့ လွတ်မြောက်ရာလမ်းကို ပြင်ဆင်ပေးတဲ့ ဘုရားသခင်ဟာ

ခရစ်တော်အားဖြင့် ပဋိညာဉ် တရားသစ်ကို ပြင်ဆင်ပေးခဲ့ပါပြီ။

ပဋိညာဉ်တရားတော် အဟောင်းအရ သိုး၊ နွား၊ ဆိတ်တို့ရဲ့ အသွေးများအားဖြင့် လူသားများရဲ့အပြစ်များတို့ကို ဖုံးအုပ်ထားယုံမျှသာ တတ်နိုင်ခဲ့ပါတယ်။ ပဋိညာဉ်တရားသစ်အရ ကတော့ ခရစ်တော် ရဲ့အသေသတ်ခံခြင်းအားဖြင့် လူသားအားလုံးရဲ့အပြစ်အားလုံးကို အကုန်အစင် ယူပြစ်လိုက်နိုင်ခဲ့ပါပြီ။

*တရားတော်အဟောင်းအရ ယဇ်ပူဇော်ခြင်းအမှုကို အကြိမ်ကြိမ်ပြုရပါသော်လည်း တရားတော်သစ်အရ ခရစ်တော်သည် ယဇ်ကောင်အဖြစ် ပူဇော်ခြင်းခံရလျှက် အသက်အသေခံ ခြင်းတွင် ခရစ်တော်တဦးတည်း တကြိမ်တည်းသေဖို့ လိုအပ်ပါတယ်။*

ထိုအပြစ်တို့ကိုလွှတ်ပြီးလျှင် နောက်တဖန် အပြစ်ဖြေသော ပူဇော်သက္ကာကို ပြုစရာအကြောင်းမရှိ *(ဟေဗြဲ၊၁၀း၁၈)* ။ တရားတော် အဟောင်းအရ ယဇ်ပူဇော်ခြင်း အမှုကို နှစ်စဉ်ပြုလုပ်ရင်း မိမိ၌အပြစ်ရှိကြောင်းကို သတိရနေဖို့လိုအပ်ပေမယ့် တရားတော်သစ်အရ ဘုရားသခင်က ကျွန်တော်တို့ပြုခဲ့သောအပြစ်များတို့ကို ဗွေမယူတော့ပါဘူး၊ အမှတ်မထားတော့ပါဘူး။

တရားတော်အဟောင်းအရ အပြစ်၏အဖိုးအခအဖြစ် သေခြင်းကို ရင်ဆိုင်ရမှာဖြစ်သော်လည်း တရားတော်သစ်အရ ခရစ်တော်အားဖြင့် ထာဝရအသက်ရှင်ခြင်း ဆုကျေးဇူးကို ကျွန်တော်တို့ရယူနိုင်ကြပါပြီ။

တရားတော်အဟောင်းအရ ထာဝရဘုရားနဲ့နီးဖို့ရန် ခက်လှသော်လည်း တရားတော်သစ်အရ ထိုဘုရားကို "အဖေ" လို့ပင် ခေါ်နိုင်ကြပါပြီ။ ခရစ်တော်ရဲ့ လက်ဝါးကပ်တိုင်အားဖြင့် တရားတော်သစ်ကိုလက်ခံရရှိပြီးဖြစ်တဲ့ ကျွန်တော်တို့အတွက် ပညတ်တော်များတို့ကို ကြိုးစားပြီးလိုက်လျှောက်နိုင်ဖို့ လုံးပမ်းရင်းနဲ့ ခြေကုန်လက်ပန်းကျစရာမလိုတော့ပါဘူး။ ထိုတရားတော်အသစ်သည် ဘုရားသခင်ရဲ့ချစ်ခြင်း မေတ္တာနဲ့ကျေးဇူးဂရုဏာတော် အပေါ်မှာလုံးဝမူတည်နေပါပြီ။ <u>မိမိ၏ကြိုးစားအားထုတ်မှုကြောင့်မဟုတ်ဘဲ ထိုခရစ်တော်ရဲ့ ကျေးဇူးတော်အားဖြင့်သာ အသက်ရှင်ခြင်းအခွင့်ကို ရနိုင်တယ်ဆိုတဲ့ အမှန်တရားက လူသားများကို လွတ်လပ်ခြင်းပေးနေပါပြီ</u>။ သင်သည် တရားတော်အဟောင်းအားဖြင့် ဘုရားသခင်ရဲ့ရှေ့တော်မှောက်၌ မျက်နှာရဖို့ လုံးပမ်းနေပါသေးသလား မိတ်ဆွေ။ သို့တည်းမဟုတ် ခရစ်တော်ရဲ့လက်ဝါး ကပ်တိုင်သည် လူ့သမိုင်းလမ်းကြောင်းကို ပိုင်းခြားခဲ့ပြီးဆိုတာကိုသင် လက်ခံနိုင်မှာလား။ ထို့အပြင် ခရစ်တော်ရဲ့ အသေခံခြင်းအားဖြင့် ဘုရားသခင်သည် ပဋိညာဉ်တရားသစ်ကို လူသားတွေ အတွက်ပေးခဲ့ပြီးဆိုတာကိုရော သင်အသိအမှတ်ပြုလက်ခံနိုင်မှာလား။

ထိုပဋိညာဉ်တရားသစ်လက်အောက် မှာရှိနေတဲ့ ကျွန်တော်တို့ဟာ ခရစ်တော်ကို လွတ်လပ်စွာ ချစ်မြတ်နိုးနိုင်ခြင်း၊ ထာဝရဘုရားသခင်ကို အဖေအဖြစ် ရင်းရင်းနှီးနှီးဆက်သွယ်နိုင်ခြင်းနဲ့ ကြွယ်ဝသော အသက်တာကို ခံစားရရှိ နိုင်ခြင်း တို့ကို ရှင်ပြန်ထမြောက်တော်မူသော ထိုခရစ်တော်အားဖြင့် ဘုရားသခင်ဟာ ကျွန်တော်တို့အတွက် စီစဉ်ပေးခဲ့ပြီးပါပြီ။

စတယ်လာဝေ